# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ရာတွင် စိစစ်ရမည့် အဓိကအချက်များ
## (ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း)

## အဆင့်(၁)

### အဆိုပြုချက်စတင်ခြင်း

**အဆိုပြုလွှာတင်ပြရန်**

- အဆိုပြုလွှာ ပုံစံ (၁)အား DICA မှရယူပါ (သို့မဟုတ်) DICA Website မှရယူပါ။
  - ပုံစံကြေး - ၅၀၀၀ကျပ်

**မြေနေရာနှင့်စပ်လျဉ်းသည့်အချက်များ**

- ကိုယ်ပိုင်မြေဖြစ်ပါက လန/၃၉ ရရှိကြောင်း အထောက်အထား/လျှောက်ထားဆဲ အထောက်အထား/မြေစာရင်းပုံစံ (၁၀၅) တင်ပြရန်၊
- ပုဂ္ဂလိကမြေနှင့်အဆောက်အဦ ငှားရမ်းဆောင်ရွက်ခြင်းဖြစ်လျှင် အငှားစာချုပ် (မူကြမ်း)
- ဌာနပိုင်မြေအဆောက်အဦပေါ်တွင် ဆောင်ရွက်မည်ဆိုပါက ရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော စာချုပ်(မူကြမ်း) နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့်တင်ပြရန်

**စက်ပစ္စည်းနှင့်လုပ်ငန်းသုံးပစ္စည်းများ**

- ပြည်တွင်းမှ ဝယ်ယူမည့် စာရင်း
- ပြည်ပ မှဝယ်ယူမည့် စာရင်း

**စီးပွားရေးဆိုင်ရာတင်ပြချက်များ**

- နှစ်စဉ်ဝန်ဆောင်မှု ရည်မှန်းချက်
- ဝန်ဆောင်မှု အစီအစဉ်
- အရှုံး/အမြတ် စာရင်း(ကိန်းဂဏန်းအချက်အလက်များ၏ ငယ်စာရင်းတင်ပြရန်)
- ငွေသားစီးဆင်းမှုစာရင်း ( Cash Flow Statement ၊IRP၊ Pay Back Period ) တွက်ချက်မှုများ(ကိန်းဂဏန်းအချက်အလက်များ၏ ငယ်စာရင်းတင်ပြရန်)
- နိုင်ငံတော်က ရရှိမည့် အကျိုးအမြတ် အခြေအနေ (ဝင်ငွေခွန်/ကုန်သွယ်လုပ်ငန်းခွန်)
- အလုပ်အကိုင် ရရှိမှုအခြေအနေ (ပြည်တွင်း/ပြည်ပ ဝန်ထမ်းအင်အားစာရင်း၊ လစာတွက်ချက်မှု)

**ငွေကြေးအထောက်အထား**

- ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း သုံးငွေအတွက် ဝယ်ယူပြီး တန်ဖိုးမှအပ ဘဏ်အထောက် အထား တင်ပြရန်၊
- ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားငွေပါဝင်ပါက ၄င်းအတွက် MFTB/MICB ၏ Bank Statement တင်ပြရန်၊

**ဟိုတယ်နှင့် ခရီးသွားလာ ရေး လုပ်ငန်း ဝန်ကြီးဌာန ၏ ဟိုတယ်လုပ်ငန်းလိုင်စင်**

- ဟိုတယ် လုပ်ငန်းဖြစ်ပါက အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်၍ ထိန်းသိမ်းသွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန /အဖွဲ့အစည်းအသီးသီးမှ ညွှန်ကြားချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက် တင်ပြရန်၊

**အထွေထွေ**

- အဆိုပြုတင်ပြခြင်းနှင့် အခွန်အကောက်ကင်းလွတ်ခွင့် လျှောက်လွှာ
- ကတိဝန်ခံချaက်
- ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ် မိတ္တူ
- လုပ်ငန်းဆောင်ရွက်မည့် တည်နေရာပြမြေပုံ
- မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်
- လုပ်ငန်းခွင့်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်
- အဆောက်အဦ ဆောက်လုပ်ပြီးဖြစ်ပါက အဆောက်အဦ ဓါတ်ပုံမိတ္တူ
- အဆောက်အဦ မဆောက်လုပ်ရသေးပါက အဆောက်အဦ ပုံစံ
- လူမှုသဘာဝ သာယာဝပြောရေး တာဝန်ယူမှု (Corporate Social Responsibility - CSR) ဆောင်ရွက်မည့် အစီအစဉ် တင်ပြရန်။(ရရှိမည့် အကျိုးအမြတ်၏ ရာခိုင်နှုန်းတစ်ရပ် တိတိကျကျ သတ်မှတ်ဖော်ပြရန်)
- ကုမ္ပဏီဖွဲ့စည်းပြီးပါက ကုမ္ပဏီမှတ်ပုံတင် လက်မှတ်/ပုံစံ (၆) (အစုရှယ်ယာလွဲပြောင်းမှု) /ပုံစံ (၂၆) (ဒါရိုက်တာစာရင်း)

**လုပ်ငန်းနှင့် သက်ဆိုင်သည့် စာချုပ်များ**

- ဌာနပိုင်မြေကို BOT စနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခြင်းဖြစ်ပါက ရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်နှင့်အညီ ပြုစုထားသည့် BOT စာချုပ် (မူကြမ်း)
- ဌာနနှင့်ဖက်စပ်လုပ်ငန်း ဆောင်ရွက်ပါက လုပ်ငန်းသဘောတူ စာချုပ် (မူကြမ်း)

## အဆင့်(၂)

**အဆိုပြုချက်စိစစ်ရေးအဖွဲ့ (PAT) အစည်းအဝေးသို့ တင်ပြခြင်း**

**PAT အစည်းအဝေးသို့ တင်ပြခြင်း**

- အဆိုပြုချက် (၂၀) စုံခန့်ပေးပို့ရန် ဖြစ်ပါသည်။

## အဆင့်(၃)

**သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံခြင်း**

**သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ် ချက် တောင်းခံခြင်း**

- တောင်းခံထားသည့် အဆိုပြုချက် (၂၀) စုံအနက်မှ လိုအပ်သလောက်ကို အသုံးပြုမည် ဖြစ်ပါသည်။

## အဆင့်(၄)

**လိုအပ်ချက်များပြင်ဆင်တင်ပြခြင်း**

လိုအပ်ချက်များပြင်ဆင်တင်ပြခြင်း

- အဆိုပြုချက် စစ်ဆေးရေး အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဆွေးနွေးချက်နှင့် သဘောထား မှတ်ချက်များအတိုင်း လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ရန် ဖြစ်ပါသည်။

## အဆင့်(၅)

**ကော်မရှင်အစည်းအဝေးသို့ တင်ပြခြင်း**

ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း

- အဆိုပြုချက် (၁၀) စုံမှ (၁၂) စုံခန့်၊
- အစည်းအဝေး၌ ရှင်းလင်းတင်ပြရန် Power Point၊
- အဆိုပြုချက်အား PDF ဖြင့်ပြောင်းလဲတင်ပြရန်၊

## အဆင့်(၆)

**ခွင့်ပြုမိန့်ထုတ်ယူခြင်း**

ခွင့်ပြုမိန့်ထုတ်ယူခြင်း

- ဒါရိုက်တာအဖွဲ့ဝင် (၁) ဦးမှ လာရောက်ထုတ်ယူရန်၊
- ၄င်းပုဂ္ဂိုလ်၏ မှတ်ပုံတင် (သို့) Passport (မူရင်း၊ မိတ္တူ)
- ဒါရိုက်တာစာရင်း
- နိုင်ငံခြား ကုမ္ပဏီများသည် ဘဏ်တွင် US$ ၇၅,၀၀၀ သွင်းထားသည့် အထောက် အထား
- ဌာနဆိုင်ရာများသို့ ဖြန့်ဝေရန် ပြည့်စုံသော အဆိုပြုလွှာ (၇) စုံ
- သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ထားရှိမှု အစီအစဉ်